အကြောင်းအရာ။ ။ အိန္ဒိယနိုင်ငံအစိုးရမှပေးအပ်သော အိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ်များတွင်တက်ရောက်ရမည့် DIA (Research)ပညာသင်ဆုများလျှောက်ထားရန် နောက်တစ်သုတ်အတွက်လျှောက်လွှာများခေါ်ယူခြင်း။

အာဆီယံနိုင်ငံများအတွက်အိန္ဒိယနိုင်ငံမှပေးအပ်သောပါရဂူဘွဲ့ပညာသင်ဆုဆိုင်ရာအတွင်းရေးမှူးချုပ်ရုံးမှ နှုတ်ခွန်းဆက်သပါသည်။

အာဆီယံနိုင်ငံများအတွက် အိန္ဒိယနိုင်ငံမှပေးအပ်သောပါရဂူဘွဲ့ပညာသင်ဆုအစီအစဉ်၏ နောက်တစ်သုတ်တွင် တက်ရောက်ရန်သင်တန်းသားလျှောက်လွှာများကိုခေါ်ယူနေပါသည်။ထိုအစီအစဉ်သည်နိုင်ငံခြားသားများအတွက်အိန္ဒိယနိုင်ငံအစိုးရမှဆောင်ရွက်ပေးခဲ့သမျှတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အကြီးမားဆုံးသောအစီအစဉ်တစ်ခုဖြစ်ပြီး အာဆီယံနိုင်ငံများမှ နိုင်ငံသားများ စုစုပေါင်း (၁၀၀၀)အား အိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ်များတွင် တက်ရောက်သင်ယူရမည့် သုတေသနပညာသင်ဆုများပေးအပ်မည်ဖြစ်ပါသည်။

**အစီအစဉ်အကျဉ်းချုပ်။** ။ အာဆီယံနိုင်ငံမှနိုင်ငံသားများအတွက် အိန္ဒိယနိုင်ငံတွင်သင်ယူရမည့်ပါရဂူဘွဲ့ ပညာသင်ဆုအစီအစဉ်အား အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီ နာရင်ဒရာမိုဒီသည် အာဆီယံအဖွဲ့ကြီး၏အဖွဲ့ဝင် (၁၀)နိုင်ငံမှ ခေါင်းဆောင်များရှေ့တွင် အိန္ဒိယသမ္မတနိုင်ငံနေ့အကြိုနေ့ဖြစ်သည့် ၂၀၁၈ခုနှစ် ဇန်နဝါရီ လ ၂၅ ရက်နေ့တွင်ကြေငြာခဲ့ပါသည်။

**အိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ်များအကြောင်း။** ။ အိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ်များသည် ၎င်းတို့၏ အရည်အသွေးပြည့်ပညာရေးနှင့် တင်းကျပ်သော ရွေးချယ်မှု စံနှုန်းများအပေါ်တွင်ကောင်းစွာရပ်တည်တိုးတက်နေပါသည်။အိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ်များသည်အင်ဂျင်နီယာပညာရေးနှင့် သုတေသနအတွက် ထိပ်တန်းတက္ကသိုလ်များအဖြစ်တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားသည်။ အိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ် အများအပြားသည် အင်ဂျင်နီယာဘာသာရပ်တွင်ကမ္ဘာ့ထိပ်တန်း 50 / ထိပ်တန်း 100 တွင်ရှိသည်။

အိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ်များ၏ပညာရေးသည် လူသားမျိုးနွယ်ကို စိန်ခေါ်သည့် ပြဿနာများကို ဖြေရှင်းရန် သိပ္ပံနည်းကျ ချဉ်းကပ်မှုဖြင့် ကျောင်းသားများကို ဝေဖန်ပိုင်းခြားသော တွေးခေါ်မှုကို အားကောင်းစေပြီး ကမ္ဘာတဝှမ်းတွင် ရှိနေသည့် မတူကွဲပြားသော ကျောင်းသားဟောင်းများကွန်ရက်သို့ ဝင်ရောက်နိုင်စေပါသည်။

**အိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ်များသည် အရည်အသွေးပြည့်ပညာရေးနှင့် ကြီးမားကျယ်ပြန့်သော အဆက်အသွယ်များကို ပေးအပ်လျှက်ရှိသည်။**

အိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ်များတွင်ရှိသော ကျောင်းသားဟောင်းများကွန်ယက်သည် သြဇာအရှိဆုံးနှင့် အကျယ်ပြန့်ဆုံးသောကျောင်းသားဟောင်းများကွန်ရက်များထဲမှတစ်ခုဖြစ်သည်။ ပညာရေး၊အမျိုးသားသိပ္ပံအစီအစဉ်များ၊ စက်မှုလုပ်ငန်း၊ နိုင်ငံရေး၊ စာပေ၊ ဘာသာရေးဆိုင်ရာနှင့် အခြားအရာများအပါအဝင် နယ်ပယ်တိုင်းတွင်

ကျောင်းသားဟောင်းများသည် ထူးချွန်ကြသည်။ IIT များသည် အအောင်မြင်ဆုံးသော ကျွမ်းကျင်ပညာရှင်များကို မွေးထုတ်ပေးခဲ့ပြီး ထိုသူများထဲတွင် Google နှင့် IBM ၏ CEO များ၊ Infosys ၏ ပူးတွဲတည်ထောင်သူနှင့် ယခင်ဥက္ကဋ္ဌ၊ SoftBank Corp ၏ ဒုဥက္ကဋ္ဌ၊ SoftBank အင်တာနက်နှင့်မီဒီယာ၏ CEO၊ အိန္ဒိယ အာကာသ သုတေသန အဖွဲ့နှင့် အိန္ဒိယ တယ်လီကွန်း ထိန်းကျောင်းမှု အာဏာပိုင် အဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အိန္ဒိယနိုင်ငံပြည်နယ်များ၏ ဝန်ကြီးချုပ်များ၊ သံတမန်များနှင့် ဗျူရိုကရက်များပါဝင်သည်။

**ပညာသင်ဆု**– အိန္ဒိယနိုင်ငံတွင်တက်ရောက်ရမည့်ပါရဂူဘွဲ့ပညာသင်ဆုတွင် လစဉ်ထောက်ပံ့ကြေး ပထမ (၂)နှစ်အတွက် အိန္ဒိယရူပီး (၃၁၀၀၀/–)၊ ကျန်ရှိသောနှစ်အချိန်အတွက် အိန္ဒိယရူပီး (၃၅၀၀၀/–) နှင့် နှစ်စဉ် သုတေသနထောက်ပံ့ကြေး အိန္ဒိယရူပီး (၁၇၀၀၀၀/–)အထိကိုသုတေသနကုန်ကျစရိတ်အတွက်သာ အသုံးပြုရန်ပေးအပ်မည်ဖြစ်သည်။ ပညာသင်ဆု သင်တန်းကာလ၏အများဆုံးကြာချိန်သည် (၅) နှစ်အထိဖြစ်သည်။

* သင်တန်းကြေးနှင့် တည်းခိုဆောင်ခအား လျှောက်ထားသူများမှ ၎င်းတို့၏ ထောက်ပံ့ကြေးမှ ပေးဆောင်ရပါမည်။ ပေးဆောင်ရမည့် သင်တန်းကြေးနှင့်တည်းခိုဆောင်ခများသည် တက်ရောက်ရမည့်နည်းပညာတက္ကသိုလ်များအလိုက် ကွဲပြားခြားနားမှုရှိပါသည်။ နည်းပညာတက္ကသိုလ်များ၏ပေးဆောင်ရမည့် သင်တန်းကြေးနှင့် တည်းခိုဆောင်ခများအား www.asean-iitd.in တွင် မိမိနှင့်သက်ဆိုင်ရာနည်းပညာတက္ကသိုလ်၏စာမျက်နှာတွင်ရှာဖွေနိုင်ပါသည်။

**ပညာသင်ဆုတက်ရောက်ရန်ရွေးချယ်မှုသတ်မှတ်ချက်များ နှင့် ရွေးချယ်ရေး လုပ်ထုံးလုပ်နည်းများ**

အိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ် (၂၃) ခုမှ ကမ်းလှမ်းထားသော သင်တန်းအစီအစဉ်များ၏ အသေးစိတ်အချက်အလက်များအတွက် www.asean-iitd.in သို့ ဝင်ရောက်ကြည့်ရှုပါ။ သင်တန်းအစီအစဉ်များနှင့် အိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ်များအကြောင်း တစေ့တစောင်းကြည့်ရှုရန် https://youtu.be/B5wxQU715Ec နှင့် https://youtu.be/spL53Fso Bs သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၎င်းအစီအစဉ်၏အသေးစိတ်အချက်အလက်များကိုပိုမိုသိရှိနိုင်ရန်အတွက် www.asean-iitd.in တွင်လေ့လာနိုင်ပါသည်။

လေးစားလျှက်–

Team DIA